"ငါတို့ မနေ့က မြေအိုးမြီးရှေဆိုင်ကို ထပ်သွားစားကြရအောင်"

"ဒီနေ့လည်း မြေအိုးမြီးရှေပဲ စားကြမှာ လား"

သူငယ်ချင်းတွေက သူမ အဆိုပြုချက်ကို သိပ်လက်ခံချင်ပုံမရ။ ကျူ ရှင်ကဆင်းတိုင်း အားလုံးစုပြီး စားသောက်နေကျမို့ တစ်နေ့ကိုတစ်ဆိုင် မရိုးနိုင်အောင် လျှောက်စားကြမြဲ။ မနေ့က စားပြီးသားကြီးကို ဒီနေ့ ထ ပ်စားချင်ပုံမရသော သူငယ်ချင်းများအား မေပျို သွားဖြဲလေးနှင့် ရယ်ပြ လိုက်သည် ။

"ငါဒကာခံမယ်လေးဟာ နော်"

"မေပျို ဒီနေ့ထူးဆန်းနေပါလား၊ အရင်တုန်းကတော့ နင်ကိုယ်တိုင် ပဲပြောခဲ့တာမဟုတ်လား၊ အစားအသောက်တစ်ခုတည်းကို နေ့စဉ်စား နေရတာ ရိုးတယ်ဆို"

"အေး ပြောခဲ့တယ်လေ၊ ဒါပေမဲ့ ဘယ်လိုဖြစ်မှန်း မသိပါဘူး၊ မနေ့ က မြေအိုးမြီးရှေလေးကို မေ့လို့ မရဘူးဖြစ်နေတယ်"

သူမ စကားကြောင့် မိုးစက်က မျက်စောင်းလှမ်းထိုး၏။ တကယ် တော့ မြေအိုးမြီးရှေစားဖို့ ကို မေပျို စိတ်အားထက်သန်နေရခြင်း အကြောင်းအရင်းကို သူငယ်ချင်းတွေ သဘောပေါက်ပုံပါပဲ။

"နင်မေ့မရတာ မြေအိုးမြီးရှေလား၊ မြေအိုးမြီးရှေဆိုင်မှာ တွေ့ခဲ့တဲ့ လူလား"

ချိုသာက ခုလို ပေါ်တင်ကြီးမေးလာတော့လည်း သူမမှာ ခေါင်းလေး ကိုသာ မသိမသာ ညိတ်ပြလိုက်ရသည် ။

"အရူးမရယ် ဟိုက နင့်ကိုတောင် သတိထားမိတာ မဟုတ်ဘူး ၊ အဲဒါ ကို နင်က ဒီနေ့တစ်ခါ မြေအိုးမြီးရှေဆိုင်ထပ်သွားပြီး ကြည့်မယ်ဆို

